အလင်းအိမ်
စာပေထုတ်ဝေရေး

သစ္စာနီ

# ဂုန့်ဂုယဲ့ထရ

## THE END OF POETRY



"ပို့စ်ပိုယ့်ထရီ"

THE END OF POETRY

ကဗျာနိဂုံးချုပ်ပြီ

သစ္စာနီ

## (၁) မြန်မာကဗျာ ဘာလဲ ဘယ်လဲ။

ဒီစာကို ဖတ်ရှုနေကတည်းက သင်ဟာ ကဗျာရေးသူ ကိုယ်တိုင် သော်လည်းကောင်း၊ ကိုယ်တိုင်ကဗျာ မရေးသော်လည်း ကဗျာကို စွဲစွဲမြဲမြဲ ဖတ်ရှုပြီး၊ ကဗျာမှုမှန်သမျှကို အလေးအနက် စိတ်ဝင်စားသူ လည်းကောင်း ဖြစ်ဖို့ ရာနှုန်းပြည့်လောက် သေချာပါတယ်။ ဒါဆိုခင်ဗျားဟာ ကဗျာနဲ့ ပတ်သက်ပြီး ဒုံးမဝေးသူလို့ ယူဆတာကြောင့် ကျွန်တော်တို့ စကားဆက် ပြောလို့ရပါပြီ။ အထက်က ခေါင်းစဉ်ငယ်လေးကို အာရုံကျတယ် မဟုတ် လား။

ဒီတော့ အခြေခံကစ ပြောကြတာပေါ့။ ဒါမှလည်း လိပ်ပတ်လည်မှာမို့ပါ။ ဦးစွာ "မြန်မာကဗျာ"ဆိုတဲ့ စကားလုံးကို အဓိပ္ပါယ် စတင်သတ်မှတ်ဖို့ လိုပါ တယ်။ ခြွင်းချက်ရှိပေမဲ့ ဒီစာတမ်းအတွက် အလုပ်ဖြစ်ရုံပြောရရင် မြန်မာ ကဗျာဆိုတာ..

"မြန်မာလူမှုဝန်းကျင်ကို အခြေခံ၍ ရေးဖွဲ့ထားသော ကဗျာ"လို့ ဆိုကြပါစို့၊ မြန်မာလူမှု ဝန်းကျင်ကို အခြေခံရေးဖွဲ့ထားတဲ့ ကဗျာဟာ မြန်မာနိုင်ငံ အတွင်းအပြင် မည်သည့်နေရာကမဆို ရေးဖွဲ့ထားတဲ့ ကဗျာမျိုးလို့ သတ်မှတ်ပါတယ်။ ဒီလိုပြောရတာက အိုင်တီနည်းပညာ ခေတ်ကြီးထဲမှာ

ပြင်ပရောက် မြန်မာတချို့ကလည်း ဘလော့ဂ်တွေ ဝက်ဆိုက်တွေနဲ့ကဗျာတွေ ရေးဖွဲ့နေကြလို့ပါပဲ။

နောက်တစ်နည်းက မြန်မာဘာသာစကားနဲ့သာမဟုတ် တခြားဘာသာစကား (အထူးသဖြင့် အင်္ဂလိပ်ဘာသာစကား) နဲ့ ရေးဖွဲ့ထားတဲ့ ကဗျာတွေပါ အကျုံးဝင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အင်္ဂလိပ်လိုပဲ ကဗျာရေးဖွဲ့နေတဲ့သူတွေ ကျွန်တော်တို့ဆီမှာ ရှိနေလို့ပါပဲ။

"ကဗျာ"ဆိုတဲ့ ဝေါဟာရအတွက်တော့၊ ၁၉၇၉ ခုနှစ်က ရုပ်ရှင်ပဒေသာ မဂ္ဂဇင်းမှာ "ကဗျာအဓိပ္ပာယ် ဖွင့်ဆိုသတ်မှတ်ချက်" ဆိုတဲ့ ခေါင်းစဉ်နဲ့ ကျွန်တော် ရေးသားခဲ့တဲ့ ဆောင်းပါး တစ်ပုဒ်ထဲကပဲ ကောက်နုတ်ချက် ဖော်ပြချင်ပါတယ်။ အဲဒီမှာ

"ကဗျာဆိုတာ စကြဝဠာအနှံ့ ပြန့်ကျဲနေတဲ့ ပစ္စည်းတွေ၊ အဖြစ်အပျက်တွေ၊ ကိစ္စတွေ၊ စိတ်လှုပ်ရှားမှု (ဝေဒနာ၊ စေတနာ၊ သိမှု)တွေကို ကဗျာဆရာဆိုတဲ့ သူက သူနဲ့ တိုက်ဆိုင် ထိခတ်သမျှ

သူ့အတတ်ပညာနဲ့ ကျွမ်းကျင်မှုအလျောက် အချိုးအစား ကျနပြေပြစ်စွာ ဖွဲ့စည်းတင်ပြတဲ့ လုပ်ငန်း တစ်ရပ် ဖြစ်တယ်လို့ ဖွင့်ဆိုခဲ့ပါတယ်။ ယေဘုယျ သဘောထားလို့ မှတ်ယူစေချင်ပါတယ်။ ၂၀၀၃ ခုနှစ်အတွင်း ရေးခဲ့တဲ့ "ခေတ်ပေါ်ကဗျာ၏ ဂုဏ်ရည်တချို့" ဆိုတဲ့ ဆောင်းပါးမှာတော့

"ကဗျာဆိုတာ ကန့်သတ်ထားတဲ့ အချိန်အတွင်း ကန့်သတ်ထားတဲ့ ပမာဏအတွင်း ကန့်သတ်ထားတဲ့ စကားလုံးတွေကို အသုံးပြုထားတဲ့ တိကျတဲ့ ဝေါဟာရအစုအဝေး"လို့ ထပ်ဖွင့်ဆိုခဲ့ပါတယ်။

ဒီလိုရေးလိုက်တာဟာ ပလီပလာစကားလုံးအပိုနဲ့ ဟန်ဒြပ်ခုတ်နေတဲ့ ကဗျာတွေ၊ ဝေါဟာရ ဖက်ရှင်ရှိုးလို့ ဆိုရလောက်အောင် လျှပ်ပေါ်လော်လီတဲ့ ကဗျာမျိုးတွေ တွေ့နေရလို့ပါ။ အဲဒါဟာ လူစည်စည်ပွဲဈေးတန်းမှာ

ပြောက်အိုးဖောက်တဲ့ ကလေးစိတ်လို့ ပြောခဲ့ပါသေးတယ်။ ကဗျာပကာသနသမားတွေပါ။

အခုအချိန်မှာ ကျွန်တော်ဦးတည်ပြီး ရည်ရွယ်ပြောဆိုနေတဲ့ ကဗျာဟာ ဒီနေ့ မြန်မာကဗျာရဲ့ အဓိက ပင်မရေစီး (main stream) ကဗျာဖြစ်တဲ့ ခေတ်ပေါ်ကဗျာကို ရည်ရွယ်တယ်ဆိုတာ ရှင်းရှင်းလင်းလင်း သိလောက်ပါတယ်။ modern poetry ပေါ့ ဒီနေ့ခေတ် မြန်မာကဗျာ လောကကိုကြည့်ရင် Traditionalism ဆိုတဲ့ ရိုးရာအစဉ်အလာ ကဗျာအမျိုးအစားတွေ (ဒွေးချိုး လေးချိုး တေးထပ်၊ ရတုပိုဒ်စုံ ဆိုတာတွေဟာ မရှိသလောက် နည်းပါးသွားပါပြီ။ အခါကြီးရက်ကြီးတွေ၊ ပွဲလမ်းသဘင်တွေ မှာသာ ရေးသား ရွတ်ဖတ်တဲ့အဆင့် ရောက်နေပါပြီ။ ဒါပေမယ့် ခေတ်စမ်းနဲ့ သူ့အမွေဆက်ခံတဲ့ ခေတ်စမ်းသစ် ကဗျာမျိုးတွေကိုတော့ စွဲစွဲမြဲမြဲ ယုံကြည်ရေးဖွဲ့တဲ့ သူတွေ အထိုက်အလျောက် ရှိနေသေးတာ တွေ့ရပါတယ်။ ဥပမာ၊ မြဝတီ၊ နိုင်ငံ့ဂုဏ်ရည် စတဲ့မဂ္ဂဇင်းတွေနဲ့ စာပေဗိမာန် ကဗျာစာမူ ပြိုင်ပွဲတွေအထိပေါ့။ တော်ဝင်စာပေ အဖွဲ့အစည်းကြီးကလည်း လေးလုံးစပ်လို၊ လေးချိုးလို ရေးထုံးကာရန် အစပ်အဟပ်မှန်တဲ့ ကဗျာမျိုးတွေကိုသာ ကဗျာအရာသွင်းတုန်း ဆိုတာ၊ နှစ်စဉ်ကဗျာဆုရနေတဲ့ စာအုပ်တွေကို ကြည့်ပြီး အကဲဖြတ်နိုင်ပါတယ်။

ဒါပေမယ့် မကြည့်ချင်သာရမယ်၊ မမြင်ချင်လို့မရတဲ့ အခြေအနေက ဒီနေ့ မြန်မာကဗျာ လောကကို စိုးမိုးလွှမ်းခြုံထားပြီး၊ အကျယ်ပြန့်ဆုံး ဖြစ်ထွန်းနေတဲ့ ကဗျာဟာ မော်ဒန်ကဗျာ ဖြစ်တယ်ဆိုတဲ့ အချက်ပါပဲ။ မော်ဒန်ကဗျာဟာ ယနေ့ မြန်မာကဗျာရဲ့ ပင်မရေစီးနေရာကို ရောက်ရှိနေပြီဆိုတာ၊ ဘယ်လိုမှ မငြင်းသာတဲ့ အခြေအနေ ရောက်ရှိနေပါပြီ။

ဒါဆို ဒီနေ့ မြန်မာမော်ဒန်ကဗျာရဲ့ အနေအထားကို သုံးသပ်ကြည့်

ရအောင်။ ခုနပြောခဲ့သလို ဘာလဲ၊ ဘယ်လဲပေါ့။ မြန်မာကဗျာရဲ့လားရာကို သုံးသပ်မယ်ဆိုရင်၊ မြန်မာကဗျာရဲ့ လာရာကို ပြန်သုံးသပ်မှ ပြည့်စုံမယ်ထင်တယ်။ ဒီလိုပြောမှ နောင်ကျွန်တော် ပြောမယ့် "ဘယ်လဲ" ဆိုတဲ့ မေးခွန်းရဲ့ အဖြေပြည့်စုံမှာမို့ ဒီနေရာမှာ မြန်မာကဗျာ လာရာကို အနည်းအကျဉ်း တင်ပြခွင့် ပြုစေချင်တယ်။ (အကျယ်သိချင်ရင် ကျွန်တော့်ရဲ့ "မြန်မာကဗျာ ဖြစ်ပေါ်တိုးတက်မှု") စာအုပ်ကို ရှာဖွေ ဖတ်ရှုစေချင်ပါတယ်။ သရဖူမဂ္ဂဇင်းမှာ ငါးလဆက်တိုက် ရေးခဲ့တာဖြစ်ပြီး အချိန် မလုံလောက်မှု၊ တစ်ယောက်တည်း ပြုစုရမှုတွေကြောင့် ပြည့်စုံလှချည်ရဲ့ဟု မပြောနိုင်ပါ။ သို့သော် အထိုက်အလျောက် ကျေးဇူးပြုပါလိမ့်မယ်) ဒီနေရာမှာတော့ တကယ့်ကို အကျဉ်းချုံး ပြောဆိုပါမယ်။ မြန်မာကဗျာ ရွေ့လျားလာတယ် ဆိုတာကို အကြမ်းဖျင်း သုံးသပ်ရရင် အောက်ပါ အပိုင်းသုံးပိုင်းကို တွေ့ရပါမယ်။

(၁) မြန်မာကဗျာ စတင်ဖြစ်ထွန်းစမှ ဂန္ထဝင်ကာလ တစ်လျှောက်လုံး အထိ၊ သက်ဦးဆံပိုင်မင်းများ လက်ထက် မြန်မာကဗျာဟာ သဘာဝဖွဲ့ (ရေမြေတောတောင်၊ ရာသီဥတုအကြောင်း) ဘုန်းတော်ဘွဲ့၊ နောက်နည်းနည်း တိုးတက်လာတော့ မော်ကွန်းကဗျာ (အသံနိုင်မော်ကွန်း၊ တံတားဦးတည် မော်ကွန်း ဆိုတာမျိုးတွေ။ စစ်ချီရတုတွေ၊ မောင်ဘွဲ့မယ်ဘွဲ့ အလွမ်းတွေ။ ဝန်ကြီးပဒေသရာဇာတို့လို လယ်သမားဘွဲ့၊ ထန်းတက်သမားဘွဲ့ တျာခြင်းတွေ ဆိုတာတော့၊ အရေအတွက် တကယ့်ကို နည်းနည်းလေး ရှိခဲ့ပါတယ်။

(၂) ပထမ ကဗျာခေတ်ဟာ ပုဂံခေတ်က စတွက်ရင် (သိုးကလေ၊ ပုပ္ပားတောင်ဘွဲ့ အနှစ်တစ်ထောင်နီးပါး ရှည်လျားပါတယ်။ ဒုတိယ ကဗျာခေတ်ဟာလဲ၊ ပထမခေတ်လောက် မရှည်လျားလှပေမယ့် အတော်ရှည်လျားတယ်လို့ ဆိုနိုင်ပါတယ်။ ပဒေသရာဇ် စနစ်ကျဆုံးပြီး ကိုလိုနီခေတ် တစ်လျှောက်လုံး ပြီးတော့ လွတ်လပ်ပြီးစ မြန်မာနိုင်ငံ ပထမ ဒီမိုကရေစီခေတ်၊

ဆိုရှယ်လစ် ခေတ်အထိ (pre modernism) အကျုံးဝင်ပါတယ်။ သူတို့ဟာ အမျိုးသား လွတ်မြောက်ရေး ကိုလိုနီဆန့်ကျင်ရေး ကဗျာတွေ ရေးခဲ့ကြတယ်။ အစဉ်အလာက လမ်းခွဲထွက်ခဲ့တဲ့ ခေတ်စမ်းပုံသဏ္ဍာန်ကို အကျယ်ပြန့်ဆုံး ကိုင်ဆွဲခဲ့တယ်။ လွတ်လပ်ရေး ရပြီးပြန်တော့လည်း၊ ဒီမိုကရေစီအရေး၊ ဆိုရှယ်လစ် တည်ဆောက်ရေး နိုင်ငံရေးစံတွေကို ကိုင်စွဲရေး ဖွဲ့ခဲ့ကြတယ်။ ဒဂုန်တာရာရဲ့ စာပေသစ် သဘောတရား၊ ဒေါင်းနွယ်ဆွေရဲ့ ပြည်သူ့ကဗျာ အယူအဆတွေဟာ ပြိုင်တူ ထွန်းတောက်ခဲ့တယ်။ ပုံသဏ္ဍာန်ကတော့ ခေတ်စမ်းစာပေ ယူထားတဲ့ သရုပ်မှန်(Realism) ပုံစံပါပဲ။

(၃) တတိယ ကဗျာခေတ်ကိုတော့ ၁၉၅၀ ကနေ ဒီနေ့အထိ သတ်မှတ်ကြရအောင်၊ ခေတ်ဟာ ကမ္ဘာကြီးနဲ့အညီ အရှိန်အဟုန် မြန်မြန်နဲ့ ပြောင်းလဲနေပါတယ်။ တော်ဖလာက တတိယလှိုင်းလို့ ခေါ်ခဲ့တယ်။ စက်မှုလွန်ခေတ်၊ အိုင်တီခေတ်၊ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်၊ စစ်အေးလွန်ကာလများ ကျော်လွှားခဲ့ပြီး ဆိုဗီယက်ယူနီယံနှင့်အတူ ဘာလင်တံတိုင်းလည်း ပြိုလဲခဲ့ပြီး အင်တာနက်ကွန်ရက်က တစ်ကမ္ဘာလုံး လွှမ်းခြုံထားလို့ ဖရီးမင်းက ကမ္ဘာပြားပြီလို့ ဆိုပြီး သမိုင်းဟာ အလျားလိုက် သဘောနဲ့ ပြန့်ကားလာတာပဲ၊ လစ်ဗရယ်ဒီမိုကရေစီ သဘောနဲ့ ဗဟုဝါဒတရားကို ကျွန်တော်တို့ ကဗျာဆရာတွေလည်း မျက်နှာ မူလိုက်ရတယ်။ ခေတ်ပေါ်ကဗျာဟာ ၁၉၅၀ လောက်က စတင်ဖြစ်ထွန်းပြီး အခုအခိုင်အမာ ရပ်တည်လာနိုင်တယ်။ ပို့စ်မော်ဒန် အနုအပညာ အရည်တည်လာတယ်။ (ကျွန်တော် တကယ်ပြောချင်တာက After postmodern ကဗျာများ အကြောင်းပါ၊ စိတ်ရှည်ရှည် ထားစေချင်ပါတယ်)

ခေတ်ပေါ်ကဗျာရဲ့ ဂုဏ်ရည်တချို့ကို ကျွန်တော် ထုတ်နုတ် ရှင်းပြခဲ့ပါတယ်။ ဒီစာတမ်းနဲ့ ဆက်စပ်နေတဲ့ အတွက် အတိုကောက် ပြန်လည်ဖော်ပြ

ရရင်

(၁) ကဗျာမဆန်ရဘူး (Anti - poetic)

(ကဗျာမဆန် ဆန်အောင် ဇွတ်လုပ်နေကြတယ်)

(၂) ဝေါဟာရ ဖက်ရှင်ရှိုးမဟုတ်ဘူး

(စကားလုံးနွံထဲ နစ်နေကြတယ်။)

(၃) နက်ရှိုင်းရမယ်

(အနှစ်မပါဘဲ အဆန်ချောင်နေတယ်)

(၄) ကြည်လင်သန့်စင်ရမယ်(Purity)

(ဖန်တီးမှုမဟုတ်ဘဲ ဝိုးတိုးဝါးတား ဖြစ်နေတယ်။)

(၅) ရိုးသားရမယ်

(ကဗျာပကာသနတွေ ဖုံးလွှမ်းနေတယ်)

(၆) သစ်လွင်ရမယ်

(တစ်ခါလဲ မဲပြာပုဆိုးဖြစ်နေတယ်)

(၇) ဣန္ဒြေ ရှိရမယ်

(ကလက်တက်တက်နဲ့ ဂုဏ်သိက္ခာ ကင်းမဲ့နေတယ်)

(၈) ခွန်အားရှိရမယ်

(ပျော့ညံ့ချည့်နဲ့မနေဘူး)

(၉) တီထွင်မှုရှိရမယ်။

(စတန့်လုပ်တာနဲ့ မကွဲကြဘူး)

(၁၀) ကိုယ်ပိုင်ဟန်ရှိရမယ်။ ဆန်ရဲရမယ်

(နာမည်ကြီးတဲ့နောက် ရေစီးကြောင်းနောက် လိုက်နေကြတယ်)

(၁၁) အပြည့်အဝ လွတ်လပ်မှုရှိရမယ်။

(၁၂) အထက်တန်းကျတဲ့ အလှတရားနဲ့ ပြည့်စုံရမယ်။

(၁၃) ကာလနဲ့ ဒေသရဲ့သဘောက ကင်းလွတ်နေရမယ်။

ခေတ်ပေါ်ကဗျာကို ကိုယ့်အမြင်နဲ့ကိုယ်၊ အဓိပ္ပာယ် ဖွင့်ဆိုနေကြတဲ့ အထဲက သမုတိသဘော တစ်ခုလို့ သဘောထားကြစေချင်တယ်။ ဒီနေ့ မြန်မာခေတ်ပေါ် ကဗျာကို ကြည့်လိုက်တော့ ဒီသဘောတရားတွေနဲ့ ကိုက်ညီတာလည်းရှိ၊ မကိုက်ညီတာလည်း ရှိနေတာ တွေ့ရတယ်။ ဘာပဲဖြစ်ဖြစ် တကယ် ဟုတ်တာတွေလည်း ပါ။ ဒေါင်းယောင်ဆောင်သော ကြိုးတွေလည်းပါတဲ့ မြန်မာခေတ်ပေါ်ကဗျာ သမိုင်း တစ်လျှောက်မှာ အထွန်းတောက်ဆုံး အချိန်ကို ရောက်နေတယ် ဆိုတာကိုတော့ ငြင်းပယ်လို့မရပါဘူး။ ဒီနေ့ မြန်မာနိုင်ငံမှာ လူလတ်တန်းစားအလွှာ ကျယ်ပြန့် လာတာကလည်း မြန်မာခေတ်ပေါ်ကဗျာ ဖြစ်ထွန်းရေးကို အထောက်အပံ့ ပေးခဲ့ပါတယ်။ ဒီနေရာမှာ ကျွန်တော် သုံးစွဲလိုက်တဲ့ လူလတ်တန်းစား အလွှာဆိုတာ ငွေကြေးစည်းစိမ်ဥစ္စာ ပိုင်ဆိုင်မှုအပေါ် အခြေမခံဘဲ အာရုံခံစားမှု အတွေ့အကြုံနဲ့ ဉာဏ်ရည်ဉာဏ်သွေး အပေါ် အခြေခံ၍ ခွဲခြားလိုက်တာ ဖြစ်ပါတယ်။ ကျွန်တော် တို့လို ဖွံ့ဖြိုးစနိုင်ငံတွေအတွက် လူလတ်တန်းစား ဆိုတဲ့ သတ်မှတ်ချက်ဟာ အထက်တန်းပညာ သင်ဖူးသူ၊ မဂ္ဂဇင်းဂျာနယ် ဖတ်လေ့ရှိသူ၊ လက်ဖက်ရည်ဆိုင် ထိုင်တတ်သူ၊ အိမ်မှာ တယ်လီဗေးရှင်း အဟောင်းလေး တစ်လုံးလောက်ရှိသူကို ရည်ညွှန်းပါတယ်။ ကဗျာဆရာစစ်စစ်တွေဟာလဲ လူလတ်တန်းစား ပညာတတ်တွေထဲကပဲ ပေါက်ဖွားလာကြပါတယ်။ အသုံးလုံးလောက် ကြေတဲ့ အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသား တောင်သူတွေဟာ ခေတ်ပေါ် ကဗျာကို ဖတ်လေ့မရှိတာ သေချာပါတယ်။ ဖတ်ရင်လဲ အများစုကို နားလည် သဘောပေါက်မှာ

မဟုတ်ပါဘူး။ သူ့အရပ်နဲ့သူ့ဇာတ် ဟပ်လို့ မြန်မာကဗျာ (ခေတ်ပေါ်ကဗျာ၊ ပင်မရေစီးကဗျာ)ဟာ ဘာလဲဆိုတဲ့ အချက်ဟာ အထိုက်အလျောက် ရှင်းလင်းခဲ့ပြီ ထင်ပါတယ်။ ဒီနေ့ခေတ် ကဗျာဟာ လူလတ်တန်းစား ပညာတတ်တွေရဲ့ ကိစ္စသာ ဖြစ်ပါတယ်။ နောက်ဆုံး ခြုံပြောရရင် ဒီနေ့ မြန်မာကဗျာမှာ အကြမ်းဖျင်းတွေ့ရတဲ့ ဝိသေသလက္ခဏာ သုံးရပ်ကတော့

(1) Sense, က Modern Sensibility ခေတ်ပေါ် အာရုံခံစားမှု

(2) Thame, က Contemporary Social Life ခေတ်ပြိုင်လူနေမှုဘဝ

(3) Trend, က လစ်ဘရယ်ဒီမိုကရက်တစ် လမ်းကြောင်းဆိုတာပဲ။

***